
အောင်မြင့်
မြပုလဲခင်
နှင်းဆီတစ်ပွင့်၏
နှလုံးသားတစ်တိုင်

## မောင်

မိန်းမသားတစ်ယောက်ဟာ သူ့ရဲ့ ဘဝကို အိမ်ရှင်မကောင်းတစ်ယောက်၊ မိခင်ကောင်းတစ်ယောက်အဖြစ် လိုလားနှစ်သက်စွာ ပေးဆပ်ထားလိုက်ရုံမျှနဲ့ အဲဒီမိန်းမရဲ့ တန်ဖိုးဟာ ကျဆင်းသွားသလား၊ လျော့နည်းသွားသလား မောင်၊

ဒါမှ မဟုတ် .. လုံးဝတန်ဖိုးမရှိတော့ဘူးလို့ မောင် သတ်မှတ်လိုက်ပြီလား။

အိမ်ထောင်သည် မိန်းမသားတစ်ယောက်ရဲ့ ဘဝဟာ ခင်ပွန်းနဲ့ သားသမီးတွေအပေါ်မှာ ပေးဆပ်မှုများ လေလေ သူတို့ ရဲ့ ရုပ်အဆင်းသဏ္ဍာန်တွေဟာ ကျဆင်းလေလေ ဖြစ်မှာ ပဲ မောင်၊ ဒါကို မောင် ပညာရှိ သတိဖြစ်ခဲဆိုသလို သတိလစ်ပြီး မေ့လျော့သွားပြီလား မောင်။

လောကကြီးမှာ ရုပ်ပိုင်းဆိုင်ရာအလှနဲ့ စိတ်ပိုင်းဆိုင်ရာ အလှနှစ်ခုအနက် ဘယ်အလှက အရေးကြီးပါသလဲ မောင်၊ ပြန်စဉ်းစားကြည့်စမ်းပါ မောင်ရယ်။

ကျွန်မဘဝတစ်ခုလုံး မောင့်အတွက်၊ ပြီးတော့ မောင့်ရဲ့ မျိုးရိုးဗီဇဆက်ခံသူ မောင့်ရဲ့ ရင်သွေးလေးတွေကို အနာဂတ် သားကောင်းရတနာ၊ သမီးကောင်းရတနာတွေ ဖြစ်ဖို့ အတွက် ပေးဆပ်ခဲ့လိုက်ရတာ နှစ် (၂၀) ကျော် ကာလလုံးလုံးပါ မောင်။

ဒီအတွက် ကျွန်မဟာ မောင့်အတွက် သိပ်ကို အကျည်းတန်သွားပြီ

လား။

ကျွန်မရဲ့ အရေပြားတစ်ထောက်စာအလှရဲ့ အကျည်းတန်မှုကိုပဲ မောင် မြင်တတ်သလား။

ကျွန်မရဲ့ ရင်ထဲက မိသားစုအပေါ်ထားရှိတဲ့ ဖြူစင်တဲ့ မေတ္တာအလှ၊ နက်ရှိုင်းတဲ့ မေတ္တာအလှကို မောင် ဥပေက္ခာပြုထားနိုင်ပြီလား။

မြင်ရက်နဲ့ မမြင်ဟန်ဆောင်ရလောက်အောင် မောင့်ရဲ့ အသိဉာဏ် တွေဟာ မျက်ကန်းလို တစ္ဆေမကြောက်ဘဲ ထင်ရာစိုင်း ခပ်ရိုင်းရိုင်းနဲ့ မောင့်ဂုဏ်သိက္ခာတံတိုင်းကြီးကိုတောင် မောင် ဖြိုပျက်ပစ်နေပြီနော်။

မောင်ရယ် ...

မောင့်ကိုယ်စား ကျွန်မ ရင်နာလိုက်တာ။ ကျွန်မရဲ့ အသည်းနှလုံး တွေ ကြေမွပျက်သုဉ်းကုန်ပါပြီ မောင်ရယ်။

ဒါပေမဲ့ မောင် ...

မောင့်ရဲ့ ရက်စက်မှုတွေကို ကျွန်မ ရင်ပွင့်ထွက်မတတ် နာကြည်းစွာ ခံစားနေရတဲ့ ကြားထဲက ကျွန်မလေ ...

မောင့်ရဲ့ ကျိုးပျက်နေတဲ့ ဂုဏ်သိက္ခာတံတိုင်းကြီးကို ပြန်လည်ကာရံ ပေးဖို့ ...

မြောင်းထဲကျသွားပြီဖြစ်တဲ့ မောင့်ရဲ့ သမာဓိတွေကို ပြန်ဆယ်တင်ဖို့ ...

သားသမီးတွေရဲ့ ဖခင်အဖြစ် နာကြည်း မုန်းတီး ရွံရှာသွားမှုတွေအ တွက်ကြောင့် သူတို့ လေးတွေ သံသရာငရဲက လွတ်မြောက်စေရေးကို ကယ်တင်ပေးဖို့

ကျွန်မ ကျွန်မ နောက်ဆုံးထွက်သက်အထိ ကြိုးစားနေရဦးမှာ ပါ မောင်။ ရှင်းရှင်းပဲ ထပ်ပြောမယ် မောင်။

ဒီဘဝမှာ ကယ်တင်လို့ မရရင်တောင် တမလွန်ဘဝကနေ ရအောင် ကယ်တင်မှာ ပဲ။

ဘာပဲဖြစ်ဖြစ် ကျွန်မယုံကြည်ချက်နဲ့ မောင့်ကို ကယ်တင်မယ်။

ကျွန်မနဲ့ မောင်နဲ့ မောင့်မိသားစုအပေါ် ချစ်ခြင်းမေတ္တာ သစ္စာတရား လက်နက်နဲ့ အရာရာကို ဖြိုခွင်းပစ်မယ်။

မောင် ညစ်နွမ်းသွားတဲ့ ဘဝဟာ ကျွန်မရဲ့ နှလုံးသား အလင်းရောင်ကြောင့် ထိန်လင်းစေရမယ်။

မာယာကွန်ကရက် အမိုက်မှောင်မှာ လမ်းစပျောက်နေတဲ့ မောင့်အ တွက် ကျွန်မသာလျှင် လမ်းပြကြယ် ဖြစ်စေရမယ်။

မောင့်နှလုံးသားမှာ ကျွန်မဟာ မြူမှုန်တစ်မှုန်စာလောက်တောင် မရှိ တော့ဘူးဆိုရင်လည်း ရပါတယ်။

ကျွန်မ ကျေနပ်ပါတယ်။

ဒါပေမဲ့ မောင့်ရဲ့ ဂုဏ်သိက္ခာ၊ ဖခင်တစ်ယောက်ရဲ့ ဂုဏ်သိက္ခာအတွ က်တော့...

မောင်ရေ ကျွန်မ အသက်နဲ့ လဲပြီး စတေးရမယ်ဆိုရင်တောင် ဂုဏ်မ လေးတဲ့ မောင့်ရဲ့ မဟေသီကလည်း ဆူးတွေနဲ့ ဆိုတာ မောင်မေ့မထား လေနဲ့ ဦး။

ကျွန်မရဲ့ ဆူးတွေကလေ ကိုယ့်လင်သားကို ချစ်မြတ်နိုးတန်ဖိုးထား တတ်တဲ့ မြန်မာအမျိုးသမီးကောင်း ဇနီးမယားတစ်ယောက်ရဲ့ အချစ်

ဆူး၊ သစ္စာဆူး၊ မေတ္တာဆူးတွေ…။

ဒါ့အပြင်…

မိခင်တစ်ယောက်ရဲ့ တုနှိုင်းမမှီတဲ့ မေတ္တာတရားတွေကြောင့် အစွမ်းထက်တဲ့ မိခင်တစ်ယောက်ရဲ့ မေတ္တာဆူးတွေနဲ့ ဆိုတာလေ…

ဒါပါပဲ မောင်၊ ကျွန်မရဲ့ ဆိုလိုရင်းတွေကို မောင်သိမှာ ပါ။

အနောက်တိုင်း စကားတစ်ခွန်း ရှိပါတယ်။

လေးဆယ်ကျော်မှ ဘဝစတယ်တဲ့ လေ။

ကျွန်မတို့ ဘဝ အခုမှ စတာပါ မောင်။ ဘဝစတော့မှ ..နှစ် (၂၀) ကျော်လုံးလုံး လက်တွဲခဲ့တဲ့ မောင် ကျွန်မအနားမှာ မရှိသင့်တော့ဘူးလား။

မောင့်အနားမှာ ကျွန်မကကော မရှိသင့်ဘူးလား။

မောင့်အတွက် ကျွန်မဟာ ယိုယွင်းပျက်စီးသွားသော ကားအိုကားဟောင်းကြီး တစ်ခုလား။

ဒီလိုဆိုရင် ဒီကားအိုကားဟောင်းကြီးက ဘယ်သူတွေအတွက် ရည်မှန်းချက်ခရီးပန်းတိုင်ကို အရောက်ပို့ပေးခဲ့ရရှာသလဲဆိုတာ မောင် ပြန်စဉ်းစားကြည့်ပါ။

စာနာတတ်မယ်ဆိုရင်လေ ကားအိုကားဟောင်းကြီးရဲ့ တန်ဖိုးကို မောင် မြင်တွေ့မှာ ပါ။

နှစ် (၂၀) ကျော် ပေါင်းသင်းခဲ့တဲ့ ဇနီးမယားတစ်ယောက်ရဲ့ အပေါ်မှာ အချစ်ကြွင်း၊ အချစ်ကျန်၊ အချစ်လက်စလက်နလေးတွေတော့ ကျန်ရှိကောင်း ရှိမှာ ပါ။

ဒီအချစ်အကြွင်းအကျန်လေးတွေနဲ့ ပဲ ကျွန်မရဲ့ နှလုံးသားကို ပြန်လှည့်ကြည့်လိုက်ပါဦးလား မောင်။

ကျွန်မ နှလုံးသားမှာ လေ...

မောင့်အတွက် မောင့်ရင်သွေးတွေအတွက် အသက် ဆက်လက်ရှင်သန်နေခြင်း ဖြစ်တယ်ဆိုတာကို မောင် သိမြင်မယ်၊ နားလည်မယ်ဆိုရင် ...

**မောင် ကျွန်မထံသို့ ...**

******

# နိဒါန်းစာမျက်နှာများ

## အပိုင်း (၁)

## အခန်း (၁)

"မောင် နိုးပြီလား၊ လာ..မြန်မြန်လာ၊ မောင့်သားကို ကြည့်ပါဦး"

ဒေါ်မိုးသခင်က ပြတင်းပေါက်မှ လိုက်ကာကို အသာပင့်ကာ အောက်ထပ်သို့ ကြည့်ရင်း အိပ်ရာထက်မှ ခင်ပွန်းဖြစ်သူ ဦးထူးခြားအား ငဲ့စောင်းကြည့်ပြီး တက်ကြွစွာ လှမ်းခေါ်လိုက်သည် ။

ဦးထူးခြားက ...

"ဘာလဲကွာ၊ သား ဘာဖြစ်လို့ လဲ"

"လာကြည့်စမ်းပါ မောင်ရယ်၊ ထူးခြားသားက ဘာတွေ ထူးခြားနေသလဲဆိုတာ"

ဒေါ်မိုးသခင်၏ မျက်ဝန်းက အရောင်တလက်လက် စိုနေသည် ။ ငယ်မူငယ်သွေးများ ဖြင့် ရွှန်းလက်နေသော မျက်နှာလေးကိုကြည့်လိုက်ပြီး အိပ်ရာထက်က ထလိုက်သည် ။

"မောင့်သားက ဘာဖြစ်နေလို့ လဲ"

ဦးထူးခြားက ဇနီးသည် ၏ နံဘေးသို့သွားရောက် ပူးကပ်ပြီး ကြည့်လိုက်သည် ။

လားလား..သားသည် နှင်းဆီပန်းခင်း၌ လျှောက်ကာ နှင်းဆီအလှကို ရွေးချယ်ကာ ဖြတ်တောက်နေသည် ။ ကိုယ်တိုင်ဖြတ်တောက်ခြင်းကို ဘေးမှ မာလီက ရင်တမမ ကြည့်နေရသည် ။

ဦးထူးခြားက သဘောကျစွာ ဟက်ခနဲ ရယ်မောလိုက်သည် ။ ပြီးတော့ ဘေးချင်းထိကပ်နေသော ဒေါ်မိုးသခင်အား ဆွဲဖက်ကာ...

"ခင် ဘာမနာလိုရှိနေတာလဲ၊ မောင့်သားဟာ မောင့်ခြေရာကို တစ်ထပ်တည်း နင်းမှာ ပဲပေ့ါ"

ကြည်နူးမှုနှင့်အတူ ဒေါ်မိုးသခင်၏ နဖူးကို လက်သီးဆုပ်ဖြင့် ဖွဖွကလေး ထုလိုက်ပြီး ပြတင်းပေါက်မှ လိုက်ကာကိုချစေကာ အတွင်းဘက်သို့ ယှဉ်တွဲလျှောက်လှမ်းလိုက်ကြသည် ။

ဒေါ်မိုးသခင်က...

"မနာလိုတော့ မဖြစ်ဘူး၊ စိုးရိမ်ပူပန်မှုတော့ ဖြစ်ရတာပေ့ါ မောင်ရယ်၊ မောင့်သား အခုပန်းပေးမယ့် မိန်းကလေးဟာ ကျွန်မလို မိန်းကလေးမှ ဟုတ်ပါလေစဆိုတဲ့ အတွေးလေ၊ ကျွန်မ ရင်ထဲ ဝင် လာပြီမောင် "

"အဲဒီလောက်အထိ ပူပန်မှုတွေ မထားနဲ့ လေ၊ ကြည့်ပါဦး၊ မေးစေ့ကြီးနှစ်လုံးနဲ့ မင်း သိပ်ဂနေပြီ၊ အဆီလည်း ချပါဦး မိန်းမရယ်"

"စိတ်ချမ်းသာမှုကြောင့်ရယ်၊ အိမ်ရဲ့ ဗာဟီရကိစ္စတွေရယ်၊ သားတို့နဲ့ သမီးကို ကျောင်းကြိုကျောင်းပို့၊ ကျူရှင်ကြို ကျူရှင်ပို့၊ လူမှုရေး၊ သာရေးနာရေးတွေ သွားလာလုပ်ရှားရင်းနဲ့ ကစားဖို့ အချိန် ဘယ်မှာ ရတော့လို့ လဲ မောင်၊ ဘာလဲ မောင်က မောင့်မယား ပုံပျက်ပန်းပျက် ဖြစ်လာတာနဲ့ မချစ်ချင်တော့ဘူးလား"

"အိုး..နိုး..နိုး..မိန်းမရဲ့ ကျန်းမာရေးအတွက် ပြောတာပါကွာ၊ ကိုင်း.. မောင် ကုမ္ပဏီ သွားရဦးမှာ ၊ ရေချိုးတော့မယ် ခင်"

ဒေါ်မိုးသခင်ကို ဖက်တွယ်ထားသော လက်ကို ရုပ်သိမ်းကာ ရေမိုးချိုးခန်းဘက်သို့ ဝင်သွားလေသည် ။

ဒေါ်မိုးသခင်က လေးဆယ်ကျော် လာပြီဖြစ်သော်လည်း ဘီယာဗိုက်၊ စူဇကာဗိုက်မျိုးလည်း မထွက်၊ ကြဲ့ကပ်ပိန်လှီခြင်းလည်း မရှိဘဲ အသား အရေ ပြည့်တင်း စိုဝင်းကာ ထောင်ထောင်မောင်းမောင်းနှင့် ယောကျ်ား ပီသခန့်ညားသော အသွင်နှင့် ခင်ပွန်းကို တစ်ချက် ဝေ့ဝဲကြည့်လိုက်သ ည် ။

မိမိနှင့် သက်တူရွယ်တူလင်သား။ သူကတော့ အရွယ်မကျ။ မိမိက တော့ အရွယ်ကျနေပါလား။

ဒါ သဘာဝပါပဲလေ၊ သားသမီးသုံးယောက် မွေးထားတော့ မိခင်တ စ်ယောက်အနေနဲ့ တော့ အပျိုစင်လို ချောမောနိုင်ပါတော့မလား၊ အရွယ် တင်နိုင်ပါတော့မလား။

အတွေးတို့ ကို ကြာရှည်လက်မခံနိုင်တော့ဘဲ ...

ခင်ပွန်းအတွက် ဂုတ်စုံထုတ်၊ တွန့်ကြေနေသော အိပ်ရာကိုပြုပြင်၊ ပြီးသည် နှင့် အောက်ထပ်သို့ အပြေးအလွှားဆင်းကာ ခင်ပွန်းစားသော က်တတ်သော နံနက်စာကို ကိုယ်တိုင်ပြင်ဆင်ရလေသည် ။

ထိုအချိန်၌ ကားတစ်စီးထွက်သွားသံကို ကြားလိုက်ရသည် ။ သားကြီးကိုယ်တိုင် မောင်း၍ ကျောင်းသွားလေပြီ။ ထိုကားထဲ၌ လှပ သော နှင်းဆီပန်းစည်းလေးတစ်စီးလည်း အတူတကွ လိုက်ပါသွားလေပြီ။

"မေမေ...ဖေဖေ သွားပြီလား"

"မသွားသေးဘူး"

"အတော်ပဲ၊ သမီး မျက်ခြယ်တို့ အိမ် သွားမလို့ "

"ဘာကိစ္စလဲ သမီးရဲ့ "

"ဈေးဝယ်ထွက်မယ်လေ မေမေ၊ သင်္ကြန်နားနီးပြီဆိုတော့ လည်ဖို့ ပတ်ဖို့ ဝတ်ဖို့ တိုင်ပင်ရင်းပေါ့"

"မေမေ လိုက်ပို့မယ်လေ"

"မပို့နဲ့ မေမေ၊ ဖေဖေ့ကိုပဲ ပို့ခိုင်းလိုက်မယ်၊ အပြန် မျက်ခြယ် လိုက်ပို့လိမ့်မယ်"

ဒေါ်မိုးသခင် ဦးနှောက်ကို အပြေးအလွှား အလုပ်ပေးလိုက်သည်။ မျက်ခြည်တို့ မိသားစုက မိမိတို့ မိသားစုနှင့် ရင်းနှီးပြီးသား၊ အမျိုးကောင်း မိသားစု၏ အိမ်သွားခြင်းပဲ၊ သားလူပျိုတစ်ယောက် ရှိသည်။ သဘော်အင်ဂျင်နီယာ ဆိုတော့လည်း သမီးရှင် မိမိအနေနှင့် စိုးရိမ်ပူပန်စရာ မလိုဘူး ထင်ပါသည်။

"နော်..မေမေနော်"

ပေါင်မုန့်ထောပတ်သုတ်ကို ပလုတ်ပလောင်းစားရင်း သမီးကြီးက နော်ချင်းထပ်ကာ ချွဲလိုက်သေးသည်။

မိခင်ဆိုသည် မှာ သားသမီးများက ရင်ကို နှစ်ခါမခွေ့လိုက်ရဘဲ သူတို့ ၏ ဆန္ဒကို အလိုအလျောက် ခေါင်းညိတ်ပြီးသား ဖြစ်သွားတတ်သည်။

"အေးပါ၊ အေးအေး..."

"မေကြီး ဘာမှာ ဦးမလဲ"

"မမှာ တော့ပါဘူး၊ လိုရင် မေမေ့ဘာသာ မေမေထွက်ဝယ်မှာ ပေါ့၊ ဟော.. ဖေကြီး လာ..."

မျက်ဝန်း၏ ထောင့်စွန်းက ထမင်းစားခန်းသို့ ဝင်ရောက်လာသော ခင်ပွန်းကို လှမ်းမြင်လိုက်သည် နှင့် ခင်ပွန်းအတွက် ဘလက်ခ်ကော်ဖီပန်းကန်လေးထဲသို့ သံပရာသီးစိတ်ကလေး ညှစ်ကာ ဇွန်းဖြင့် နာနာခေါက်ပေးလိုက်ရင်း...

"ကိုယ့်ဖေကြီးကို ကိုယ့်ဘာသာကိုယ် ပြောမယ်"

"ဘာတွေခွဲဦးမလို့ လဲ"

"ဖေကြီးသွားရင် မီး လိုက်မယ်"

"ဟ မဖြစ်ဘူးသမီးရဲ့ ၊ နာရီဝက်ပဲ အချိန်ရတာ၊ ဖေဖေ ကုမ္ပဏီသွားရမယ်၊ ဘော့စ် အချိန်မလေးစားဘူး ဖြစ်မယ်"

သမီးကြီးက နှုတ်ခမ်းစူသွားပြီး ...

"ဟင်..ဖေကြီးကလည်း လမ်းကြုံနေတဲ့ ဟာကို"

"လမ်းကြုံလည်း ဆယ်မိနစ်၊ ဆယ့်ငါးမိနစ်တော့ အချိန်ထပ်ပေးရဦးမှာ ပဲ မဟုတ်လား၊ မီးပွိုင့်တွေကလည်း ရှိသေးတယ် သမီးရဲ့ ၊ အေးအေးဆေးဆေး မေမေ့ကိုပဲ ပို့ခိုင်းတော့၊ ခင်ရယ် ခင့်သမီးကို.."

သမီးကြီးက မကျေမနပ် ပေါင်မုန့်ကို ဆောင့်ချလိုက်သည် ။ ဒေါ်မိုးသခင် မနေသာ...

"ဟုတ်သားပဲ၊ ဖေဖေနောက်ကျရင် ဘော့စ်က အချိန်မလေးစားဘူးလို့ အများ အမြင်မှာ အထင်သေးစရာ ဖြစ်သွားမှာ ပေါ့ သမီးရယ်"

"ဒီအတိုင်းပဲ၊ မေမေက အမြဲ ဖေဖေ့ဘက်က ရှေ့နေလိုက်နေတာပဲ၊ မသွားတော့ဘူး... မသွားတော့ဘူး..."

သမီးကြီးက စိတ်ကောက်ကာ ထသွားလေသည်။

ဒေါ်မိုးသခင်က သမီးကြီးကိုကြည့်ကာ 'ကျွတ်' ခနဲ အသံပြုပြီး ခေါင်းခါယမ်းလိုက်သော ခင်ပွန်းအား နှစ်သိမ့်ပြုံးဖြင့် ပြုံးပြလိုက်ရင်း ...

"ကိစ္စမရှိပါဘူး မောင်၊ သမီးကြီးက ကောက်လည်း ခဏပါ၊ ကျွန်မ ချော့ပြီး ပို့ပေးလိုက်မယ်၊ စားစား...ပြီးရင် မောင့်ဘာသာမောင် သွားစရာရှိတာ ဖြောင့်ဖြောင့်သွား"

ဦးထူးခြားက နားလည်မှုရှိသော ဇနီးဖြစ်သူအား ကျေနပ်စွာကြည့်ကာ ခေါင်းညိတ်ပြလိုက်ရင်း...

"မိုးရွာတုန်း ရေခံရတာကလည်း ဘယ်သူတွေအတွက်လည်း ဆိုတာကို သားသမီးတွေက သဘောမပေါက်ကြဘူး ထင်တယ်"

"ဒါကတော့ မောင်ရယ်၊ သူတို့ ကိုယ်တိုင် မိဘနေရာ မရောက်သေးတော့ မိဘတွေရဲ့ သဘောကို ဘယ်နားလည်နိုင်ကြဦးမလဲ၊ ပြီးတော့ သမီးကြီးက သူ့အဖေ ဘယ်လောက် အရွယ်တင်တယ်၊ ဘယ်လောက်ချောမော ခန့်ညားတယ်ဆိုတာကိုလည်း သူငယ်ချင်းတွေကို ကြွားချင်နေတာပါတယ် ထင်တယ်"

ဦးထူးခြားက သဘောကျစွာ ပြုံးလိုက်ပြီး ...

"သူ့အမေ စည်ပိုင်းရှိတ်ကိုကော မကြွားချင်ဘူးတဲ့ လား"

ဒေါ်မိုးသခင်က ချစ်စနိုး မျက်စောင်းတစ်ချက် ထိုးလိုက်ပြီး ...

"စည်ပိုင်းရှိတ်ကို အမြဲတမ်းမြင်တွေ့နေရတော့ ရိုးနေကြပြီ၊ အမြင်မဆန်းကြတော့ဘူးပေါ့ မောင်ရယ်"

"ကိုင်း...မောင် သွားမယ်ကွာ"

ဦးထူးခြားက နာရီကိုလှမ်းကြည့်ပြီး ရုတ်ခြည်းထကာ ထမင်းစားခန်းမှ ထွက်သွားလေပြီ။

ဒေါ်မိုးသခင်က ခင်ပွန်းအား လိုက်မပို့အား၊ ခင်ပွန်းအကျန် သားသမီးတွေ အကျန်များကို လက်ကျန်ရှင်းတမ်းလုပ်ကာ ကမန်းကတန်း အာဟာရဖြည့်ဆည်းလိုက်သည် ။ ပြီးနောက်.. သမီးကြီးအား ချော့မော့ပြီး လိုက်ပို့ပေးရန် ထလိုက်သည် ။ စိတ်မောလူမော ဖြစ်သွားသဖြင့် သက်ပြင်းတစ်ချက်လည်း ချလိုက်မိသည် ။ မီးဖိုချောင်ကိစ္စကို အရင်စီစဉ်လိုက်ဦးမှ ၊ ပြီးမှ သမီးကြီးကို ပို့ရမည်။ ခင်ပွန်းအရေး၊ သားသမီးအရေးသည် နံနက်စောစော မျက်စိနှစ်လုံး ပွင့်လာကတည်းက နိစ္စဓူဝ လုပ်ငန်းတွေပါပဲလား။

သားငယ်ကတော့ အိပ်ကောင်းတုန်း..၊ အိပ်မက်ထဲ၌ ဘောလုံးကန်နေဆဲ ဖြစ်ပေမည်။

သူကြိုက်တတ်သော အစားအစာကို ပြင်ဆင်ထားရန်နှင့် နေ့လယ်စာ ဟင်းလျာအတွက်ကိုလည်း နှုတ်မှ လှမ်း၍ စီစဉ်ပေးလိုက်ရသေးသည် ။ အိမ်၏ ဗာဟီရအလုပ်သမားကလည်း မမြဲတတ်သဖြင့် ဘာထူးသေးသလဲ။ မိမိသည် လည်း ဗာဟီရ အလုပ်သမားတစ်ပိုင်းပင်...။

******

# အခန်း (၂)

နေ့လယ်စာ ထမင်းကို တစ်ယောက်တည်း ငြီးငွေ့စွာ စားသုံးပြီးချိန်၌ နာရီကို မော့ကြည့်လိုက်သည် ။

"ဘုရားရေ နှစ်နာရီတောင် ထိုးလုပါပကောလား"

ဟု ဒေါ်မိုးသခင် ရင်တွင်း၌ ညည်းတွားလိုက်သည် ။ နေ့လယ်ထမင်းစားချိန်သည် အမြဲတမ်း ဆယ့်နှစ်နာရီနောက်ပိုင်းကို ကျော်လွန်နေကျ ဖြစ်သည် ။

သားငယ်ကို သုံးနာရီခွဲမှ ကျူရှင်သွားကြိုရမည်ဆိုတော့ စောသေးသည် ။ ခဏတစ်ဖြုတ် လှဲလိုက်စဉ် မနက်တုန်းက သားကြီး၏ကျောင်းသွားခါနီးမြင်ကွင်းကို မြင်ယောင်မိကာ ပြုံးမိသည် ။

သားကြီးအသက်က ဆယ့်ကိုးနှစ်ပဲ ရှိသေးသည် ။ ဆေးတက္ကသိုလ် ဒုတိယနှစ်ကျောင်းသား။

သူ့အဖေတုန်းကကော ဒီအသက်ဒီအရွယ်မှာ ပဲ မိမိအား နှင်းဆီပန်းစည်းပေးကာ ချစ်ရေးဆိုခဲ့သည် ။ လွန်ခဲ့သော နှစ် (၂၀) က အတိတ်လွင်ပြင်ဆီ ပျံ့လွင့်သွားသောအခါ ဆွတ်ပျံ့လွမ်းမော ကြည်နူးခြင်းတို့ က နှလုံးသားကို ပြန်လည်သစ်လွင် တောက်ပစေသည် ။

နှင်းဆီပန်းစည်းကို ပွေ့ပိုက်ကာ တံခါးဝ၌ ရပ်နေသော ကောင်ချောလေး ထူးခြားကို တွေ့တော့ မျက်လုံးအစုံ ဝိုင်းစက်သွားပြီး အိမ်တွင်းသို့

ကျီးကန်းတောင်းမှောက် ကြည့်လိုက်သည် ။

တော်ပါသေးရဲ့ မေမေ၊ ဖေဖေတို့ က စောစောအိပ်ရာ မထတတ်လို့ ။

မိမိကလည်း ဒီနေ့မှ တိုက်တိုက်ဆိုင်ဆိုင် အိပ်ရာမှ စောစီးစွာ နိုးခဲ့သည် ။ ညကလည်း သူ့ထံမှ တယ်လီဖုန်းလာသည် ။ မနက်စောစော လာခဲ့မည်၊ ပေးစရာရှိသည် တဲ့ ...။

သို့အတွက်ကြောင့် ထင်ပါသည် ။ နှလုံးသားက ပုတ်ခတ်နှိုးလိုက်သဖြင့် သူ စောစီးစွာ နိုးထလာခဲ့ခြင်းဖြစ်သည် ။

လှျာလေးတစ်လစ်လုပ်ကာ တံခါးများကို ဖွင့်လိုက်ပြီး

"ဘဲလ်လည်း မတီးဘဲနဲ့ "

"နှလုံးသားနဲ့ အချက်ပြလိုက်တယ်လေ၊ ယူ မကြားဘူးလား"

"ဘာကိစ္စ ကြားရမှာ လဲ"

"ရင်ဘတ်နဲ့ နားထောင်ကြည့်ရင် ကြားတာပေါ့"

"ဟင့်အင်း..နားနဲ့ ပဲ နားထောင်တတ်တယ်၊ လာ...ထိုင်"

ရွှန်းလက်နေသော ထူးခြားမျက်လုံးကို မိုးသခင် ရင်မဆိုင်ရဲ၊ လွှဲဖယ်ကာ အိမ်ထဲဝင်ရန် ဖိတ်ခေါ်လိုက်သည် ။

"ထိုင်ဖို့ လာတာ မဟုတ်ဘူး ၊ ပန်းပေးဖို့ လာတာ"

"ဘုရားတင်ဖို့ လား"

" မဟုတ်ဘူး "

"ဒါဖြင့် အလှအိုး ထိုးဖို့ ပေါ့"

"ကျွတ် ဒါလည်း မဟုတ်သေးဘူး"

"ဒါဖြင့် ကျွန်မပန်ဖို့ လား၊ ဒီလိုဆို အများကြီးပဲ၊ ဘယ်လိုလုပ် ပန်မလဲ"

"ဒါလည်း မဟုတ်သေးဘူးကွာ"

"ဒါဖြင့် ဘာလည်း ကွာ"

ဆေးတက္ကသိုလ်စတက်မှ အတန်းဖော်မှ တစ်ဆင့် သိကျွမ်းခင်မင်လာသော ထူးခြား၏ အတင့်ရဲမှုက မြန်ဆန်လွန်းသည် ဟု အပြစ်မဆိုရက်။

"ပန်းတွေကို မေးကြည့်လေ…ရော့၊ သူတို့ ကို ကိုယ့်ကိုယ်စား စကားပြောခိုင်းထားတယ်"

"ဟုတ်လား ဘာစကားလဲ"

ပန်းကို လှမ်းယူတော့ လက်ချင်းထိမိသည်။ ရင်ခုန်သွားသည်။

"ပန်းစကားပေါ့"

"……"

မျက်လွှာချကာ နှင်းဆီပန်းများကို အယောင်ယောင် အမှားမှားနှင့် မွှေးကြူလိုက်မိသည်။

"ဒါအဖြေလား"

"ဘာလဲဟ၊ မွှေးတဲ့ ပန်းမို့လို့ နမ်းမိတာနဲ့ အဖြေဖြစ်ရောလား"

"ဖြစ်တာပေါ့"

သူ့အား ချစ်ရည်ရွှမ်းလဲ့သော မျက်ဝန်းတို့ ဖြင့် ကြည့်ကာ

"ဘာဆိုင်လို့ "

"ဆိုင်တယ်၊ နှင်းဆီဆိုတာ ချစ်ခြင်းရဲ့ သင်္ကေတပဲ၊ နှင်းဆီနဲ့ ပြောတဲ့ ကိုယ့်စကားက ချစ်စကား"

ရင်ခုန်လှိုက်မောခြင်းကို ကျေနပ်စွာခံယူရင်း သူ့စကားတို့ ကို မကုန်ဆုံးစေချင်။

"ဒီတော့"

"ဒီတော့ ချစ်စကားပြောတဲ့ ပန်းလေးတွေကို ယူကာ နမ်းရှိုက်ပြတော့ ကိုယ့်အတွက် အဖြေပေါ့၊ မဟုတ်ဘူး လား"

" မဟုတ်ဘူး ၊ ရှင့်ပန်းစကားကိုလည်း ကျွန်မ မကြားဘူး၊ ကျွန်မ ပန်းကိုမွှေးတာကလည်း အကျင့်ပါလို့ မွှေးတာ..ဒါပဲ၊ ကျောင်းသွားရဦးမယ်လေ ရှင်အိမ်မပြန်သေးဘူးလား"

"ဟင့်အင်း..ပန်းစကားအတွက် အဖြေမရမချင်း ဒီမှာ ပဲ ရပ်စောင့်နေမယ်"

"နေပေါ့"

တမင်သက်သက် ဖွဲ့ကောင်းပြသူကို တမင်သက်သက် ချွတ်ပြရမှာလား။

တံခါးဝမှာ ဒီတိုင်းထားကာ အိမ်ထဲလှည့်ဝင်လိုက်သည် ။ လှေကားနားရောက်မှ သမင်လည်ပြန်ကြည့်တော့ သူရပ်နေဆဲ။

လျှာကလေးတစ်လစ်ထုတ်ပြကာ ပြောင်ပြလိုက်ပြီး ပန်းစည်းကိုနားနှင့်ကပ်ပြသည် ။ ပြီးတော့ ခေါင်းညိတ်ကာ နမ်းပြလိုက်သည် ။

ထိုအခါ ပုဂ္ဂိုလ်က ဝမ်းသာအားရ ကြည်နူးသွားဟန်ဖြင့် ခုန်ကာ တံ

ခါးဘောင်ကို လက်နှင့်လှမ်းပုတ်လိုက်သည် ။ ပြီးတော့ လက်ညှိုးတစ်ချောင်း ထောင်ပြကာ 'သတိထား' ဟု အသံမထွက်ဘဲ အမူအရာဖြင့် ကျိန်းဝါးပြလိုက်ပြီးနောက် ချာခနဲ လှည့်ထွက်သွားသည် ။

သူ၏ ကားသံကို ကြားလိုက်ရသည် ။

မိုးသခင်က ပန်းစည်းကိုပိုက်ကာ ပျော်ရွှင်မြူးတူးစွာဖြင့် လှေကားထစ်များကို ခုန်ပေါက် နင်းတက်ခဲ့လေသည် ။

ကျောင်းသို့ရောက်ပါက သူ့အား မည်ကဲ့သို့သော မျက်နှာဖြင့် ရင်ဆိုင်ရပါ့မလဲ။ စီးပွားရေးကျောင်းသား သူသည် လိပ်ခုံးသို့ ချောင်းဖောက်ထားကာ ကြိုတင်ရောက်ရှိနေတတ်သည် ။

"ကူးကူ..ကူကူ...ကူးကူ.."

တယ်လီဖုန်းမြည်သံ ထွက်ပေါ်လာသည် ။ ကြည်နူးရိပ်အတွေးစတို့ လွင့်ပါး ပျောက်ကွယ်သွားသည် ။ တယ်လီဖုန်းကို လှမ်းကိုင်လိုက်သည် ။

"ဟဲလို"

"သားကြီးနဲ့ တွေ့ချင်လို့ ပါ"

မိန်းကလေးအသံ။

"သားကြီး ကျောင်းက ပြန်မရောက်သေးပါဘူးကွယ်"

"ဟုတ်လား၊ ပြန်သွားတာ နာရီဝက်ကျော်နေပြီပဲ"

"လမ်းမှာ ဝင်စရာရှိလို့ ထင်ပါတယ်ကွယ်၊ သား ပြန်လာရင် ဘယ်သူဆက်တယ်လို့ ပြောပေးရမလဲကွယ်"

"မိုးမမောင်ပါ၊ ချက်ချင်းပြန်ဆက်ပါလို့ ၊ သူ့ကိုစစ်ဆေးစရာ ရှိ

သေးတယ်"

"ဘုရားရေ" ဟူသော အာမေဋိတ်သံပင် နှုတ်မှ ထွက်သွားသလား ထင်မှတ်လိုက်ရသည်။

တစ်ဖက်မှ လေလှိုင်းအသံရှင် မိန်းကလေးသည် သားအား စစ်ဆေးမေးမြန်းရလောက်အောင် ပိုင်စိုးမှုတွေ ရှိနေပြီလား၊ သားပန်းပေးသော မိန်းကလေးလား။ အမျိုးကောင်းသားသမီးဆိုပါက ပူပန်စရာမလို။ သို့သော် ဖုန်းကြိုးမှ တစ်ဆင့် ဝင်ရောက်လာသော အသံကိုတော့ သဘောမကျ။

ပျော့ပြောင်းနူးညံ့မှုမရှိ၊ ရိုသေမှုမပါ။ ယဉ်ကျေးချိုသာစွာ ဆိုခြင်းမရှိ။ ထိုမိန်းကလေးသည် အမျိုးကောင်းသားသမီး ဖြစ်နိုင်ပါ့မလား။

သားပေးသော နှင်းဆီပန်းကို မြတ်နိုးစွာ ပန်တတ်သော မိန်းကလေးမှ ဟုတ်ပါလေစ။

အိပ်ခန်းထဲမှ ထွက်ခဲ့သည် ။ သားငယ်ကို သွားကြိုရန် စောသေးသဖြင့် ပေါ်တီကို အောက်နား အရိပ်တွင် ချထားသော ကြိမ်ကုလားထိုင်လေး၌ ထိုင်လိုက်သည်။

သားငယ်ကို သွားမကြိုတော့ဘဲ သားကြီးကိုစောင့်ရန် အတွေးစဝင်လာသဖြင့် ဒရိုင်ဘာအား သားငယ်ကိုသွားကြိုရန် လှမ်းပြောလိုက်ပြီး အိမ်၏ အသုံးစရိတ်များကို တစ်လစာအတွက် လချုပ်ပြုလုပ်ရင်း သားကြီးကို စောင့်မျှော်နေလိုက်သည်။

သမီးကြီးကတော့ ညနေမှ ပြန်လာမည်ဟု ပြောပြီးသားဖြစ်သဖြင့် သိပ်မပူပန်မိ။

သားကြီးအတွက်လည်း နံနက်စောစော ပန်းခူးစဉ်က "အဖေတူသား

" ဆိုသောစိတ်ဖြင့် ကြည်မွေ့စွာ သဘောကျမိသည် မှ အပ စိုးရိမ်ပူပန်မှု သိပ်မဖြစ်ပေါ်ခဲ့။

ဒါကလည်း စောစောက မိုးမမအောင် ဖုန်းမဆက်ခင်ကာလ ခဏ တာလောက်ပင်။

မိုးမမအောင်နှင့် စကားပြောပြီးနောက် လေယူလေသိမ်း အသံနေအ သံထားတို့ ကြောင့် မိမိ၏ စိတ်ထဲ ထင့်ခနဲ ဖြစ်သွားကာ သားအတွက် စိုးရိမ်ပူပန်ခဲ့သည် ။

သားသမီးများကို ရင်အုပ်မကွာ ပြုစုပျိုးထောင်ခဲ့ရသည် မှာ သူတို့ ၏ အနာဂတ်ဘဝကို အရှင်းသန့်ဆုံး၊ အမြင့်မားဆုံးသို့ ရောက်ရှိစေရန် ဖြစ်သည် ။

ပြီးတော့ သားသမီးများ သည် မိမိတို့ ၏ မျိုးရိုးဗီဇ (Generation) ကောင်းကို ဆက်လက်ထိန်းသိမ်းနိုင်စွမ်း ရှိရမည်။

ထို့ကြောင့် သားသမီးတို့ ၏ အိမ်ထောင်ဖက်များ သည် သဘောထားကြီးမြတ်ရမည်။ ဉာဏ်ရည်လည်း ထက်မြက်ရမည်။ ကျန်း မာသန်စွမ်းရမည်။ ယောကျ်ားဆိုလျှင် အိမ်ထောင်ဦးစီးကောင်းတစ် ယောက်၊ မိန်းမဆိုလျှင်လည်း အိမ်ရှင်မကောင်းတစ်ယောက် ဖြစ်ရမည် ။ လိမ္မာယဉ်ကျေးပြီး အမျိုးဘာသာ၊ သာသနာကို စောင့်ရှောက်တတ်သ ည့် အမျိုးကောင်းသားသမီးများ ဖြစ်စေရမည်။

လူကြီးသူမအပေါ် မာဆတ်ဆတ်နှင့် စကားပြောဆိုတတ်သော မိန်း ကလေးသည် အမျိုးကောင်းသားသမီး ဖြစ်နိုင်ပါ့မလား။

သမီးကြီးသည် လည်း မိဘအပေါ်တော့ နွဲ့ဆိုးဆိုးတတ်သည် ။ ဒါပေ မဲ့ ရိုင်းစိုင်းသော အပြုအမူမျိုး မပြုမူတတ်။ လိမ္မာယဉ်ကျေးမှု ရှိစေရမ

ည်။ ဒါတွေကိုလည်း မိမိက အမြဲမျက်ခြည်မပြတ် စောင့်ကြည့်သွန်သင်ထားသည် ။

သားကြီး၏ ကားသံကိုကြားလိုက်ရသဖြင့် ဒေါ်မိုးသခင် ထလိုက်သည် ။ စိတ်စောနေသည် ။

သားက သူ့ကိုတွေ့တော့ ပြုံးပြပြီး ကားဂိုဒေါင်ဆီသို့ တောက်လျှောက်မောင်းသွားကာ ကားကို သွင်းလိုက်သည် ။

သူ ဘယ်ကိုမှ ပြန်မထွက်တော့ဘူး ဆိုသည့်သဘော။

ထိုမိနစ်အနည်းငယ်ကို ဒေါ်မိုးသခင် စိတ်ရှည်စွာ စောင့်စားရသည် ။

သားကြီးက ကားသွင်းပြီး လွယ်အိတ်ကလေးလွယ်ကာ သူရှိရာသို့ သွက်လက်စွာ လျှောက်လာသည် ။

မိမိအားပြုံးပြသော သားကြီး၏ အပြုံးသည် တောက်ပသည် ။ လန်းဆန်းသည် ။ သားကြီးသည် သူ့အဖေငယ်စဉ်ကအတိုင်းပင်၊ တက်ကြွလန်းဆန်းသော အပြုံးဖြင့်...

"မေမေက နေ့ခင်းကြီး နေမရှိန်ဘူးလား၊ အပြင်ထွက်နေတာ၊ ဖေဖေက နေ့လယ်ပြန်လာမယ် ပြောလို့ လား"

"ဖေဖေ့ထက် အရေးကြီးတဲ့ ပုဂ္ဂိုလ် ပြန်လာချိန်ကို မေမေ စောင့်နေတာ"

"ဘယ်သူလဲ မေမေ"

"ဘယ်သူရှိရမှာ လဲ ဟောဒီ့ မေမေ့သားကြီးပဲပေ့ါ"

သားကြီးက သူ့လက်မောင်းကို ဖက်တွယ်ကာ အိမ်ထဲသို့ တွဲခေါ်ရင်း ...

"သား ခါတိုင်း မေမေ့ကို သားမတွေ့ရပါဘူး"

"ခါတိုင်းက ခါတိုင်းလေ ဒီနေ့က ဒီနေ့၊ အခြေအနေဆိုတာ စက္ကန့်နဲ့ အမျှ ပြောင်းလဲနေတတ်တယ် မဟုတ်လား၊ ကိုင်း ထိုင်ဦးသား မေမေ သားနဲ့ စကား ပြောစရာရှိတယ်၊ ရွှေညိုရေ သံပရာရည်နှစ်ခွက် ဖျော်ခဲ့ ဟေ့"

သားကြီးက လွယ်အိတ်ကို စားပွဲပေါ်သို့တင်လိုက်ပြီး သူ့နံဘေး၌ ဝင်ထိုင်လိုက်သည် ။

ဒေါ်မိုးသခင်က သားကြီးနှင့် အနည်းငယ်ခွာကာ သားကြီး၏ မျက်နှာချောချောကို ငေးမောကြည့်ရှုအကဲခတ်ရင်း...

"သားကြီး မနက်က နှင်းဆီပန်းတွေ ခူးသွားတာ ဘယ်သူ့အတွက်လဲ "

သားကြီးမျက်နှာ၌ ရှက်စနိုးအရိပ်များ ယှက်သန်းသွားသည် ။ မိခင်ကို ရင်ဆိုင်ရန်မဝံ့သဖြင့် မသိမသာ မျက်နှာလွှဲသွားကာ အဖြေတစ်ခုကို ရှာဖွေနေပုံရသည် ။

"မေမေ့ကိုမရှက်နဲ့ မှန်မှန်ပြောနော် သားကြီး၊ သားကြီး မူလတန်းကျောင်းသားဘဝတုန်းက ဆရာမတွေကို ပန်းပေးချင်တယ်၊ ပေးခဲ့တယ်၊ အလယ်တန်း၊ အထက်တန်းကျောင်းသားဘဝ ရောက်တော့ ပန်းပေးရမှာ ရှက်တတ်သွားပြီး မပေးတော့ဘူး၊ ခုတက္ကသိုလ်ကျောင်းသားကြီးဖြစ်မှ ဆရာမကို ပန်းပေးချင်တယ်ဆိုတာတော့ သဘာဝမကျဘူးထင်တယ်"

"ဆရာမကို ပေးတာမဟုတ်ပါဘူး"

"ဒါဖြင့်"

"မိန်းကလေး သူငယ်ချင်းတစ်ယောက်ကိုပါ၊ ဒါပေမဲ့ နောက်ကို သား မပေးတော့ဘူး"

"ဘာဖြစ်လို့ လဲ"

"သူက ပန်းမကြိုက်တတ်ဘူး..၊ ပန်းကို တန်ဖိုးမထားတတ်ဘူး"

"အိုကွယ်"

ဒေါ်မိုးသခင်ရင်ထဲ ဆို့နင်သွားသည် ။ သဘာဝ၏ အလှတရားများ အပေါ် မမြတ်နိုး၊ မခံစားတတ်သော မိန်းကလေးတစ်ယောက်၏ နှလုံး သားသည် နူးညံ့နိုင်ပါ့မလား။

"ပန်းမကြိုက်တတ်တဲ့ မိန်းကလေးရှိသေးသလား"

"သူကပြောတယ်၊ ပန်းကြိုက်တာ ပျော့ညံ့တဲ့ သူတွေအလုပ်တဲ့ ၊ သူ မပျော့ညံ့ဘူးတဲ့ "

ဘယ်လိုအယူအဆလဲ။ မိမိကိုယ်ကိုယ်မိမိ အထင်ကြီးကာ မာနကြီး တတ်သူတွေ၏ အယူအဆမျိုးလား။

ရင်ထဲ၌ သားကြီး၏ မိန်းကလေးကို တွေ့ဖူးမြင်ဖူးချင်လာသည် ။

"သူက ထက်မြက်တယ် မေမေ"

ထက်မြက်တယ်ဆိုခြင်း၌ သဘာဝကို ဆန့်ကျင်ခြင်းများ ပါဝင်တတ် သလား သားကြီးဟု သူမေးချင်စိတ်ကို မနည်းမျိုသိပ်လိုက်သည် ။ ယခု လိုကိစ္စမျိုးက ဆန္ဒစော၍ မရ။

"ဟုတ်လား သားတို့ အခြေအနေက"

သားကြီးမျက်နှာ ပို၍ ရဲတွတ်သွားသည် ။ မိခင်အား မဝံ့မရဲ ခိုးကြည့် ကာ အကဲခတ်သည် ။

ဒေါ်မိုးသခင်သည် သားကြီး၏ ရုက်စနိုးမျက်နှာလေးကို နှမြောစွာ ငေးကြည့်မိသည် ။ ငယ်စဉ်ကလို ရင်ခွင်ထဲဆွဲပွေ့ကာ ပါးနှစ်ဖက်ကို အကြိမ်ကြိမ်မွှေးကြူချင်စိတ်ကို မျိုသိပ်ထားလိုက်ရသည် ။

မိခင်၏ ကြည်သာနေပုံရသော မျက်နှာကို သားကြီးက ကြည့်ရင်း

"Girl Friend မိန်းကလေး သူငယ်ချင်းအဆင့်ပါပဲ မစိုးရိမ်ပါနဲ့ မေမေ "

ဒေါ်မိုးသခင် သက်ပြင်းချလိုက်သည် ။

မမျှော်လင့်သော်လည်း ခန့်မှန်းထားပြီးသားအဖြေကို ရရှိလိုက်ရခြင်း ဖြစ်သည့်တိုင်အောင် တုန်လှုပ်မှုကတော့ ဖြစ်ပေါ်သွားသည် ။ ပင့်သက်တစ်ခုကို ရှိုက်လိုက်ပြီး ...

"သူ့နာမည်က"

"မိုးမမောင်တဲ့ "

မဟုတ်ပါစေနဲ့ ဟု ဆုတောင်းထားသောဆန္ဒသည် သဲထဲရေသွန်သကဲ့သို့ ဖြစ်သွားလေသည် ။

******